ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (21-9-2010) (၆၅၂၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဆေးရုံတက်လူနာများအား ပစ္စည်းများလှူဒါန်း မော်ဘီတပ်နယ်၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးအထူးကုဆေးရုံကြီး၌ ကျင်းပသော ဆေးရုံတက်လူနာများအား ပစ္စည်းများပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❁

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃ (က) နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)** UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) နှင့် **ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့ကြသဖြင့် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၄)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁၃)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ပုသိမ်-မုံရွာကားလမ်း အပိုင်း(၃)ပေါ်ရှိ မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအက၊ မင်္ဂလာစည်တော်အကအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

မြေမှုံ The Mirror

၂၁-၉-၂၀၁၀
(အင်္ဂါနေ့)

ဧရာဝတီအနောက်ခြမ်းမှ ရထားလမ်းကွန်ရက်များ

မီးရထားဖြင့် ခရီးသွားလာခြင်းသည် စရိတ်စကသက်သာသည်။ ခရီးသည်နှင့် ကုန်စည်အများအပြားကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်သည်။ နယ်မြေဒေသအနှံ့ လွှမ်းခြုံဆက်သွယ်သွားလာနိုင်သည့် မီးရထားလမ်းများကို အရှိန်အဟုန်ဖြင့် ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်နေပြီ။

ကုန်သွယ်စီးပွားဖွံ့ဖြိုးမှု အထောက်အကူပြု ရထားလမ်းကွန်ရက်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ မိုင် ၃၂၀ရှည်သည့် ကြံခင်း-ပခုက္ကူရထားလမ်းသည် အပါအဝင်ဖြစ်သည်။ အဆိုပါ ရထားလမ်းမကြီးသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။

ကြံခင်းဘက်မှ ဥသျှစ်ပင်၊ ကံမ၊ သရက်၊ မင်းလှလမ်းပိုင်းများကို ဖွင့်လှစ်ခဲ့ပြီ။ ပခုက္ကူဘက်မှ ကျွန်းချောင်း လမ်းပိုင်းတို့ကို ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံပြည်သူများ ရထားဖြင့် လွယ်ကူစွာသွားလာနေကြပြီ။ ယခုတစ်ဖန် ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ မင်းလှ-မင်းဘူးရထားလမ်းပိုင်းကို စက်တင်ဘာ ၁၈ ရက်က ထပ်မံဖွင့်လှစ်လိုက်သည်။ ပုသိမ်-ကြံခင်းမှ မင်းဘူးအထိ တစ်ဆက်တည်း ရထားဖြင့် သွားလာနိုင်ကြပြီ။

ကြံခင်း-ပခုက္ကူရထားလမ်းမကြီးကို အပိုင်းလိုက်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ၂၅မိုင်ကျော်ကို ထပ်မံဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။ မင်းလှနှင့် မင်းဘူးမြို့နယ်အကြား ခရီးသည်နှင့် ကုန်စည်များ လွယ်ကူစွာသွားလာဆက်သွယ်နိုင်ကြပေပြီ။

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများတွင် စိုက်ပျိုးနိုင်သောမြေများကျယ်ပြန့်စွာရှိသည်။ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် စိုက်ပျိုးသီးနှံစုံထွက်ကုန် ပေါများသည်။ ယခင်ကာလများက လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ကူးသန်းဆက်သွယ်ရောင်းဝယ်တင်ပို့ရာတွင် နှောင့်နှေးကြန့်ကြာသည်။ ဒေသဖွံ့ဖြိုးမှု အားနည်းခဲ့သည်။

ယနေ့ကာလတွင် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့ကို ဆက်သွယ်ထားသည့် ဧရာဝတီ မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးထားပြီ။ ဧရာဝတီအနောက်ဘက်ခြမ်းတွင် ရထားလမ်းသစ်ကွန်ရက်များ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ ဖောက်လုပ်ပြီးစီးသည့် ရထားလမ်းပိုင်းများကို ဖွင့်လှစ်ပေးနေပြီ။ ရထားလမ်းပိုင်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးနိုင်မှုနှင့်အတူ ဧရာဝတီအနောက်ဘက်ခြမ်းဒေသများ၏ ဒေသထွက်ကုန် ရောင်းဝယ်တင်ပို့မှုများ ပိုမိုမြန်ဆန်သွက်လက် ဖွံ့ဖြိုးတိုးတက်ဝေစည်နေမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးလှထွန်း ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း အမှတ်စဉ်(၃) ပြီးဆုံးသည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်

မြန်မာနိုင်ငံ ဘဏ်များအသင်း နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း အမှတ်စဉ် (၃) ပြီးဆုံးသည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီက ဦးစီးဖွင့်လှစ်ခဲ့သော ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း အမှတ်စဉ်(၃) ပြီးဆုံးသည့် အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘဏ်များအသင်းနာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများ၊ မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် စီးပွားရေးပညာရှင်ဆရာ၊ ဆရာမများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးလှထွန်းက သင်ယူလေ့လာခဲ့သည့် ဘဏ်လုပ်ငန်းနှင့် ဆက်နွှယ်နေသော စီးပွားရေးပညာရပ်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ သင်တန်းတွင် လေ့လာသင်ယူခဲ့ကြသည့် ပညာဗဟုသုတများကို အခြေခံပြီး ဘဏ်လုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းကြရန် မှာကြားသည်။

အဆိုပါ ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းသို့ နိုင်ငံတော်ပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း၊ အမှုထမ်း သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၉ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Asia General Electric Co.,Ltd. အား ISO (9001-2008) လက်မှတ် ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

Asia General Electric Co.,Ltd. အား ISO (9001-2008) လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားတွင် Societe Generale de Surveillance (SGS) အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်တင် Asia General Electric Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြတ်ထံ စီမံခန့်ခွဲမှု အရည်အသွေးကောင်းစနစ် (Quality Management System) ISO (9001-2008) လက်မှတ်ကို လွှဲပြောင်းချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၀

Asia General Electric Co.,Ltd. အား ISO (9001-2008) လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် BOC အဝိုင်းအနီး ရွှေသံလွင်စက်မှုဇုန် အကွက်အမှတ်(၁)ရှိ Asia General Electric Co.,Ltd. ၏ စက်ရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Asia General Electric Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြတ်က အဖွင့်အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Societe Generale de Surveillance (SGS) အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်တင်က ISO (9001-2008)လက်မှတ်ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Asia General Electric Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြတ်ထံ စီမံခန့်ခွဲမှုအရည်အသွေးကောင်းစနစ် (Quality Management System) အတွက် ISO (9001-2008)လက်မှတ်ကို လွှဲပြောင်းချီးမြှင့်သည်။

ယင်းနောက် Asia General Electric Co.,Ltd. က ISO (9001-2008) လက်မှတ်ရရှိခြင်းနှင့် စပ်လျဉ်း၍ စာနယ်ဇင်းများမှ သိလိုသည်များကို မေးမြန်းကြပြီး တက်ရောက်လာကြသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Asia General Electric Co.,Ltd. မှ Transformerများ၊ Panel များ၊ Switchgear များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး Societe Generale de Surveillance (SGS) က Asia General Electric Co.,Ltd. အား စီမံခန့်ခွဲမှု အရည်အသွေးကောင်းစနစ် (Quality Management System) အတွက် ISO (9001-2008) လက်မှတ်ကို ချီးမြှင့်ခြင်းဖြစ်သည်။

စီမံခန့်ခွဲမှု အရည်အသွေးကောင်းစနစ် (Quality Management System) အတွက် ISO (9001-2008) လက်မှတ်ကို မြန်မာနိုင်ငံရှိ Transformer ထုတ်လုပ်သော ကုမ္ပဏီများအနက် Asia General Electric Co.,Ltd. က ပထမဦးဆုံးရရှိခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံ စက်တင်ဘာ ၂၀

ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) ၏ လမ်းညွှန်မှု၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ဒေသတွင်း သား၊ ငါးဖူလုံစေရေးအတွက် စက်တင်ဘာ ၅ ရက်က ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရွှေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမြင့်လွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဌာနမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများ၊ ကျေးရွာအဖွဲ့များနှင့် တောင်သူများက ဒေးဒရဲမြို့နယ် ဆင့်ကူးကျေးရွာအုပ်စုရှိ တောင်သူများ၏ စပါးခင်းများအတွင်းသို့ ငါးခုံးမကြီး ကောင်ရေ ၁၂၅၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။**(ဝဲပုံ)** (မြို့နယ်ငါးလုပ်ငန်း)

ငါးမျိုးစိုက်ထည့်

ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်က မုက္ခမူကျေးရွာ ချိန်းချောင်း သဘာဝရေပြင်၌ ကျင်းပရာ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ကောင်ရေ ၆၀၀၀၀ခန့် ငါးမျိုးစိုက်ထည့်စဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘိုကုန်းဝါခင်းရပ်နေ ဦးရွှေကျော်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) - ဒေါ်ယဉ်ယဉ် (အလုပ်ရုံ စုမှူး၊ ဘီပီအိုင်-ငြိမ်း) သား သမီး မြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သွေးသည် အသက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များမှ တာဝန်ရှိသူများအား တွေ့ဆုံ
မြန်မာ့အလင်းသတင်းစာတိုက်၏ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိပြီး ရန်ကုန်မြို့ရှိ သတင်းစာတိုက်များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ သတင်းစာများ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားပြီး မြန်မာ့အလင်းသတင်းစာတိုက်၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာ့အလင်းသတင်းစာတိုက် ပုံနှိပ်စက်ခန်း၊ ဖိုတိုလစ်သိုဌာနစိတ်၊ စာတည်းဌာနတို့မှ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအားလုံးအနေဖြင့် မိမိတို့လုပ်ငန်းခွင်လုံခြုံရေး သတိအမြဲရှိရေးနှင့် မသမာသူများ၏ အသုံးချမခံရရေး အစဉ်သတိပြုကြရန်၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် တာဝန်ရှိသူများက လစ်ဟာမှုမရှိအောင် ဂရုပြုဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်၌ ရန်ကုန်မြို့ရှိ သတင်းစာတိုက်များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နယ်စပ်ဖြတ်ကျော်သော မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ မဲခေါင်ဒေသခွဲနိုင်ငံများ၏ ဆဋ္ဌအကြိမ်မြောက် နည်းပညာလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

နယ်စပ်ဖြတ်ကျော်သော မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံမဲခေါင်ဒေသခွဲ နိုင်ငံများ၏ ဆဋ္ဌအကြိမ်မြောက် နည်းပညာလုပ်ငန်းအဖွဲ့ အစည်းအဝေးဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

နယ်စပ်ဖြတ်ကျော်သော မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ မဲခေါင်ဒေသခွဲနိုင်ငံများ၏ ဆဋ္ဌအကြိမ်မြောက် နည်းပညာလုပ်ငန်းအဖွဲ့ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ မဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်ကြသော ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံ အခြေစိုက် အာဆီယံ မိုးလေဝသ အထူးပြုဌာန (ASEAN Specialized Meteorological Centre ASMC)၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်းမည်

အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်သော မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက်ကို လိုက်နာအကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ သဘောတူညီချက်ကို အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ အာဆီယံ မဲခေါင်ဒေသခွဲ နိုင်ငံများတွင် တောမီးလောင်ကျွမ်းခြင်းနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျော့နည်းပပျောက်စေရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ အနာဂတ်တွင် ကြုံတွေ့နိုင်သည့် အခက်အခဲများကို ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ စသည်တို့ကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

STI မှ Logistics နှင့် Supply Chain Management ဆိုင်ရာ
အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

STI Education သည် ၂၀၀၇ ခုနှစ်မှ စ၍ Diploma in Logistics Management နှင့် Diploma in Supply Chain Management သင်တန်းများကို ပြည်တွင်း၌ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။

စိတ်ဝင်စားသူများပြား

ယခုအခါ Logistics ပညာရှင်များ၊ Logistics ဘာသာရပ်ဆိုင်ရာ ဝန်ထမ်းများနှင့် စိတ်ဝင်စားသူများ များပြားလာသဖြင့် စင်ကာပူနိုင်ငံရှိ Logistics ဘာသာရပ်ကို ဖြန့်ဖြူးပေးနေသော အကြီးဆုံး Institute ဖြစ်သည့် Singapore Institute of Materials Management (SIMM) နှင့် ပူးပေါင်းကာ Logistics နှင့် Supply Chain ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်မည့် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပမည်ဖြစ်သည်။

အကြီးမားဆုံး

SIMM သည် စင်ကာပူရှိ ကုန်ထုတ်လုပ်မှု စီမံခန့်ခွဲရေးဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်၍ ဝယ်ယူဖြည့်ဆည်းရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့် စီမံခန့်ခွဲမှု သဘောတရားများကို နိုင်ငံတကာ အတွေ့အကြုံနှင့် ဆက်စပ်၍ ပညာမျှဝေနေသော အကြီးမားဆုံး non-profit အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် SIMM ၏ Deputy Director Mr. Jasni Hambali က ကမ္ဘာနှင့်အဝန်း စီးပွားရေး ယှဉ်ပြိုင်မှုများတွင် အသာစီးရစေမည့် Logistics နှင့် Supply Chain စီမံခန့်ခွဲပုံများကို အဓိကထား၍ "Global Trends in Logistics & Supply Chain Management" ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ Strand Hotel ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် တစ်ဦးချင်း တက်ရောက်နိုင်ပြီး ထိုင်ခုံနေရာ ကန့်သတ်ထားသဖြင့် STI Education အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင် (၄) အခန်း (၇) Myanmar Info-Tech, Hlaing Campus, လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း - ၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၅	၉။	"ကျွမ်းတိုင်းမကြမ်းနဲ့"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အတီးပြိုင်ပွဲ
၄း၂၅	၃။	တေးဂီတအစီအစဉ်
၄း၃၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၆။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၅း၁၅	၇။	"တောမြိုင်စွန်းမှလွမ်းမျက်ရည်"
၅း၄၀	၈။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅	၁၂။	ဆိုလိုက်ကြစို့
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ--- ကိုယ့်ချစ်သူ" (အပိုင်း-၁၉)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	သွေး (အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
	၁၈။	ရယ်စရာဟာသများ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၂၈)**
	၂၀။	"ရုပ်ရှင်ပဟေဠိ"
	၂၁။	အစီအစဉ်ပြီး၏။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၀

ကားအသစ်တွေရှားပါးလာတော့မယ့် ကားလောကအနာဂတ်နှင့် ဝယ်သိမ်းတာမမှားဘူးဆိုတဲ့ ကားဈေးကွက်ကျွမ်းကျင်သူတစ်ဦး၏ အဆို၊ ကျွန်တော်တို့ ဘယ်လောက်ပူးပေါင်းနိုင်မလဲ ဘယ်လောက်ညှိနှိုင်းနိုင်မလဲဆိုတာ အရေးကြီးတယ်၊ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်မှုနဲ့ စွမ်းဆောင်ရည်က ဘယ်လောက်ရှိလဲဆိုတာ အရေးကြီးတယ်ဆိုတဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဒေါက်တာဖုန်းဝင်းနှင့်တွေ့ဆုံမေးမြန်းခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၄၆)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ဒေါက်တာနေဇင်လတ်၏ နိုင်ငံရေးသည်နိုင်ငံအတွက်သာဖြစ်သည်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များနှင့် ဒီမိုကရက်တစ်(မြန်မာ)တို့ ပူးပေါင်းမည်၊အနာဂတ်တွင် လေယာဉ်မှူးဖြစ်ချင်သူများအတွက် လေယာဉ်မှူးပညာသင်ဆုကို လျှောက်ထားနိုင်ပြီ၊ ၂၀၁၂ အမေရိကန်ဗီဇာ [Diversity Visa (DV) Lottery] လျှောက်လွှာများလက်ခံပြီ၊ ရှစ်ထပ်ဈေးတည်ဆောက်နေသည့်ဆင်မလိုက်ဈေး၊ ဆက်သွယ်ရေးဖုန်းအားလုံးကို ငွေဖြည့်ကတ် Top UP စနစ် အသုံးပြုရန်စမ်းသပ်၊၂၀၁၁ခုနှစ်တွင် တရုတ်-မြန်မာ-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် လေးနိုင်ငံကားမောင်းပြိုင်ပွဲပြုလုပ်မည်၊ နိုင်ငံတစ်ဝန်းလုံးတွင် ဆက်သွယ်ရေးတယ်လီဖုန်းများတပ်ဆင်ခွင့်ပေးနေ၊ တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုဖြစ်ပွား၊ မြန်မာသံရုံးမရှိသည့် နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ PACKAGE TOUR ဖြင့် လာရောက်ပါက ဆိုက်ရောက်ဗီဇာထုတ်ပေး၊ ဒေါ်လာဈေးတက်ခြင်းကျဆင်းခြင်းသည် အခြေခံလူတန်းစားနှင့် လူလတ်တန်းစားများအတွက် ပုံမှန်အနေအထားသာရှိ၊ ဝယ်သွားပြီး နာရီပိုင်းအတွင်း ပြန်လဲ၍မရတော့သည့် ဟန်းဆက်ဖုန်း၊ အွန်လိုင်းပေါ်မှာ အခမဲ့ကြော်ငြာမခံရလေအောင်၊ တစ်ရက်တည်းနှင့် လိုင်စင်မဲ့ကား ၉၀ ခန့် စံချိန်တင်အစစ်ခံ၊ ကံစမ်းမဲပါဝင်သည့် ကုန်ပစ္စည်းများကို ကံစမ်းမဲဖွင့်ယူပြီး ဈေးလျှော့ရောင်းနေ၊ အစ္စရေးက အဖျက်စွမ်းအားပြင်းလက်နက်များဖြင့် အီရန်အားတိုက်ခိုက်ရန် ပြင်ဆင်မှုက တတိယကမ္ဘာစစ်ဖြစ်နိုင်၊ ဖီးနစ်ဒုံးပျံထက်စွမ်းအားထက်သည့် ဒုံးပျံအီရန်ထုတ်လုပ်ရန်ကြံစည်၊ မွမ်ဘိုင်းတိုက်ခိုက်မှုမျိုး နောက်တစ်ကြိမ်ဖြစ်ပွားလာပါက အိန္ဒိယ-ပါကစ္စတန်စစ်ပွဲဖြစ်လာမည်၊ အိုဘားမား၏အောက်တိုဘာလတွင် အီရန်ကိုတိုက်မည့် စစ်ပွဲသုံးသပ်ချက်၊ အီရန် S-300 ဒုံးပျံများ အန္တရာယ်မှ ကာကွယ်ရေးအစ္စရေးသို့ F-35လေယာဉ်များ အမေရိကန်ထံမှ ဝယ်ယူရန် အတည်ပြုသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

တာဂျစ်စစ်ဘက်ယာဉ်တန်း တိုက်ခိုက်ခံရမှု နောက်ကွယ်တွင် စစ်သွေးကြွများပါဝင်နေ

ဒူရှန်ဘီ စက်တင်ဘာ ၂၀ - တာဂျီကစ္စတန် စစ်ဘက်ယာဉ်တန်းတစ်ခုကို စစ်သွေးကြွသေနတ်သမားများ ချုံခိုတိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင် ၂၃ ဦး သေဆုံးခဲ့ရကြောင်း တာဂျီကစ္စတန် အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားသည်။ အိမ်နီးချင်း အာဖဂန်နစ္စတန်မှ စစ်သွေးကြွများနှင့် ဆက်နွှယ်နေသည့် အစ္စလာမ္မစ်စစ်သွေးကြွများ၏ရန်ကို ရင်ဆိုင်နေရသော တာဂျီကစ္စတန်နိုင်ငံအတွက် အဆိုးရွားဆုံးအကြမ်းဖက် တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုသည် စက်တင်ဘာ ၁၉ ရက် နေ့လယ်ပိုင်းတွင် တာဂျီကစ္စတန်နိုင်ငံ မြို့တော်ဒူရှန်ဘီ၏ အရှေ့ဘက် မိုင် ၁၅၀ ခန့်အကွာရှိ ရပ်ရှ်တောင်ကြားဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တာဂျီကစ္စတန်တပ်ဖွဲ့ဝင် ၈၀ ခန့်ပါဝင်သော ကင်းလှည့်ယာဉ်တန်းသည် ရပ်ရှ်တောင်ကြားဒေသကို ဖြတ်ကျော်ခိုက် စစ်သွေးကြွသေနတ်သမားများက အပေါ်စီးမှနေ၍ ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာဂျစ်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ကင်းလှည့်ယာဉ်တန်းကို စစ်သွေးကြွများက စက်သေနတ်များ၊ ဗုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ရာ တာဂျီကစ္စတန်တပ်ဖွဲ့ဝင် ၂၃ ဦးသေဆုံး၍ အများအပြားဒဏ်ရာ ပြင်းထန်စွာရခဲ့ကြောင်း ၎င်းကပြောသည်။

တာဂျစ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏အဆိုအရ စစ်ဘက်ယာဉ်တန်းကို တိုက်ခိုက်ခဲ့သော သေနတ်သမားများသည် ပါကစ္စတန်၊ အာဖဂန်နစ္စတန်မှ အစ္စလာမ္မစ် စစ်သွေးကြွများ၊ ရုရှားချေချင်းခွဲထွက်ရေးသူပုန်များနှင့် ဆက်နွှယ်နေကြောင်း သိရသည်။

နယူးယောက်တိုင်းမ်။

ကိုကာပင်စိုက်ပျိုးသူများ သိမ်းပိုက်ထားသော ဓာတ်အားပေးစက်ရုံ ပီရူးရဲတပ်ဖွဲ့ ပြန်သိမ်းပိုက်

လီမာ စက်တင်ဘာ ၂၀

ပီရူးနိုင်ငံ ယူကာယာလီပြည်နယ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ရာနှင့်ချီသော ကိုကာပင်စိုက်ပျိုးသူများက စက်တင်ဘာ ၁၉ ရက်တွင် သိမ်းပိုက်ထိန်းချုပ်ခဲ့ရာ ယင်းပြည်နယ်အတွင်း နေထိုင်သော လူဦးရေ ၄၃၀၀၀၀ အတွက် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပီရူးရဲတပ်ဖွဲ့ဝင်များက ယင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဝင်ရောက်စီးနင်းကာ စက်ရုံကိုသိမ်းပိုက်ထားသူ ၁၂၀အား ဖမ်းဆီးထိန်းသိမ်း၍ ဝန်ထမ်း ၃၀ ကို ပြန်လွှတ်ပေးခဲ့ရပြီး အခြေအနေကို ပြန်လည်ထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ကိုကာပင်စိုက်ပျိုးသူများသည် အဓိက အဝေးပြေးလမ်းမကြီးတစ်ခုကို ဘတ်စ်ကားနှင့် ထရပ်ကား အပျက်များသုံးကာ ပိတ်ဆို့ထားဆဲဖြစ်ကြောင်း ပီရူးအာဏာပိုင်များက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

မူးယစ်ဆေးဝါးတစ်မျိုးဖြစ်သော ကိုကင်းထုတ်လုပ်ရာတွင် အဓိကကျသည့် ကိုကာပင်များကို ပီရူးအစိုးရက ဖျက်ဆီးခဲ့ခြင်းကြောင့် ကိုကာပင် စိုက်ပျိုးသူများသည် အကြီးအကျယ် မကျေမနပ် ဖြစ်လျက်ရှိကြသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ပေါက်ကွဲမှုနှင့် သေနတ်ပစ်ခတ်မှုများကြောင့် ဂျာမနီတွင် လေးဦးသေဆုံး

ဘာလင် စက်တင်ဘာ ၂၀

ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်း လိုရက်ချ်မြို့တွင် စက်တင်ဘာ ၁၉ ရက်က လူနေတိုက်ခန်းတွဲတစ်ခု၌ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီး အနီးရှိဆေးရုံတစ်ရုံတွင်လည်း သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံး၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လူနေတိုက်ခန်းပေါက်ကွဲမှုနှင့် ဆေးရုံတွင်းသေနတ်ဖြင့် ပစ်ခတ်မှုတို့သည် ဆက်စပ်လျက်ရှိကြောင်း အာဏာပိုင်များက ယုံကြည်နေကြသည်။

ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့သော တိုက်ခန်းထဲတွင် လူနှစ်ဦးသေဆုံးနေသည်ကို တွေ့ရကြောင်း လိုရက်ချ်မြို့ တရားရေးဆိုင်ရာတာဝန်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားသည်။ ယင်းအပြင် ပေါက်ကွဲမှုဖြစ်ပွားရာ တိုက်ခန်းအတွင်းမှ သေနတ်ကိုင်ဆောင်ထားသော အမျိုးသမီးတစ်ဦး ပြေးထွက်လာကာ အနီးရှိ စိန့်အဲလိဇဘတ်ဆေးရုံတွင်းသို့ ဝင်ရောက်ကာ ပစ်ခတ်ခဲ့ခြင်းကြောင့် ဆေးရုံဝန်ထမ်းတစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းကပြောကြားသည်။

ယင်းနောက် သေနတ်ကိုင်အမျိုးသမီးနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေနတ်ကိုင်အမျိုးသမီးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဆီးရီးယားသို့ ရုရှားလက်နက်များ ရောင်းချမည့်အရေး အစ္စရေး စိုးရိမ်မကင်းဖြစ်

ဂျေရုဆလင် စက်တင်ဘာ ၂၀

ရုရှားနိုင်ငံက အဆင့်မြင့်နည်းပညာသုံး ခရူဇ်ဒုံးကျည်များကို ဆီးရီးယားနိုင်ငံသို့ ရောင်းချမည့် အရေးနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း အစ္စရေးတာဝန်ရှိသူများက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့အကြား လက်နက်အရောင်းအဝယ် သဘောတူညီချက်သည် အစ္စရေးနိုင်ငံအတွက် အလွန်အရေးကြီးကြောင်း၊ ယင်းလက်နက်များကို အစ္စရေးနိုင်ငံအား တိုက်ခိုက်ရာတွင် အချိန်မရွေးအသုံးပြုလာနိုင်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်သည် လွန်ခဲ့သည့် ၁၀ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့သို့ အလည်အပတ် သွားရောက်စဉ်အတွင်း ဆီးရီးယားနိုင်ငံသို့ ခေတ်မီလက်နက်များ ရောင်းချခြင်းမပြုရန် ရုရှားနိုင်ငံအား တောင်းဆိုခဲ့သည်။

သို့ရာတွင် ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီ ဆာဂျူကော့ဗ်က ဆီးရီးယားနိုင်ငံသို့ လက်နက်များရောင်းချမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

ရုရှားနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့သည် ၂၀၀၇ ခုနှစ်က လက်နက်အရောင်းအဝယ် စာချုပ်တစ်ရပ်ကို သဘောတူချုပ်ဆိုခဲ့ရာ ရုရှားနိုင်ငံသည် ပီ-၈၀၀ Yakhont အမျိုးအစား အသံထက်မြန်သော ခရူဇ်ဒုံးကျည်များနှင့် အခြားလက်နက်ခဲယမ်းများကို ဆီးရီးယားနိုင်ငံသို့ ရောင်းချပေးရမည်ဖြစ်သည်။ **ယူပီအိုင်။**

စစ်သွေးကြွများကို ဆိုမာလီအစိုးရ ဒုတိယစစ်မျက်နှာဖွင့်မည်

မိုဂါဒစ်ရှူး စက်တင်ဘာ ၂၀

အိမ်နီးချင်းနိုင်ငံများဖြစ်သော အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံတို့တွင် လေ့ကျင့်မှုများရယူခဲ့သည့် ဆိုမာလီတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာတို့သည် ဆိုမာလီတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ ယခုနှစ်ကုန်ပိုင်းတွင် စစ်သွေးကြွသောင်းကျန်းသူများကို ဒုတိယစစ်မျက်နှာဖွင့်၍ တိုက်မည်ဖြစ်ကြောင်း ဆိုမာလီဝန်ကြီးချုပ်က စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါတပ်ဖွဲ့များသည် အစ္စလာမ္မစ် စစ်သွေးကြွများအတွက် အခွန်အကောက်များ အဓိကရရှိရာဟု ယူဆရသည့် ကစ်မာယို ဆိပ်ကမ်းအပါအဝင် အချက်အချာကျသောမြို့များကို လက်ရသိမ်းပိုက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ဆိုမာလီဝန်ကြီးချုပ် အိုမာအက်ဘ်ဒီရာရှစ်အလီရှာမာကီက သတင်းထောက်များအား ပြောကြားသည်။

ကင်ညာနိုင်ငံသည် ၎င်း၏တောင်ပိုင်းနယ်မြေအတွင်းရှိ ဆိုမာလီဒုက္ခသည်များထဲမှ တပ်ဖွဲ့ဝင် ၂၀၀၀ ကို ရွေးထုတ်လေ့ကျင့်ပေးထားပြီး အီသီယိုးပီးယားနိုင်ငံကလည်း ဂျာမနီ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆိုမာလီ တပ်ဖွဲ့ဝင် ၁၀၀၀ ကို လေ့ကျင့်ပေးထားသည်။

ယင်းတပ်ဖွဲ့ဝင်များသည် ယခုအခါ လေ့ကျင့်မှုများပြီးဆုံးခဲ့ပြီဖြစ်ရာ ၎င်းတို့ကို ဆိုမာလီနိုင်ငံသို့ ပြန်ခေါ်၍ အစ္စလာမ္မစ်စစ်သွေးကြွများကို စစ်မျက်နှာအသစ်တစ်ရပ်ဖွင့်ရန် မျှော်လင့်ထားကြောင်း၊ ယင်းကဲ့သို့ မလုပ်ဆောင်ပါက ဆိုမာလီပြည်တွင်းစစ်သည် အဆုံးသတ်မည်မဟုတ်ကြောင်း ရှာမာကီက ပြောကြားသည်။

ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များနှင့် အယ်လ်ခိုင်ဒါဩဇာခံ စစ်သွေးကြွများအကြား တစ်လကြာတိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက် ဆိုမာလီဝန်ကြီးချုပ်က အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။ **အေပီ။**

အကြမ်းဖက်သမားဟု ယူဆရသူ ဗြိတိန်နိုင်ငံသား နယ်သာလန်ရဲတပ်ဖွဲ့က ဖမ်းဆီး

အမ်စတာဒမ် စက်တင်ဘာ ၂၀

ဗြိတိန်နိုင်ငံ လီဗာပူးမြို့ ဂျွန်လင်နွန်လေဆိပ်မှ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ စကီပိုးလ်လေဆိပ်သို့ လေကြောင်းခရီးစဉ်ဖြင့် ဆိုက်ရောက်လာသူ ဆိုမာလီဖွား ဗြိတိန်နိုင်ငံသားတစ်ဦးကို အကြမ်းဖက်မှုဆိုင်ရာ မသင်္ကာမှုဖြင့် နယ်သာလန်စစ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း စက်တင်ဘာ ၁၉ ရက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါအမျိုးသားသည် ၎င်း၏ ဒုတိယခရီးစဉ်အဖြစ် အရှေ့အာဖရိကသို့သွားရောက်ရန်အတွက် လေယာဉ်ပေါ်သို့ တက်ရောက်ရန်စောင့်ဆိုင်းနေခိုက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ် ခရစ္စမတ်နေ့က အမေရိကန်နိုင်ငံ ဒက်ထရွိုက်မြို့သို့ ဆင်းသက်မည့် လေယာဉ်ကို အကြမ်းဖက်သမားတစ်ဦးက ဗုံးခွဲရန် ကြံစည်အားထုတ်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံသည် ၎င်း၏ စောင့်ကြည့်ရမည့်သူများစာရင်းကို စတင်ထုတ်ပြန်ခဲ့သည်။ အုပ်စုနှစ်စုခွဲထားသော အဆိုပါစောင့်ကြည့်စာရင်းအရ ဒုတိယအုပ်စုကို လေယာဉ်စီးနင်းခွင့် ကန့်သတ်ထားခြင်း မရှိပေ။

ဆိုမာလီနိုင်ငံတွင် အကြမ်းဖက်ဝါဒနှင့် ပတ်သက်၍ လေ့ကျင့်မှုများရယူခဲ့သော ဗြိတိန်နိုင်ငံသားများရှိကြောင်း ဗြိတိန်၏ အမ်အိုင်-၅ ထောက်လှမ်းရေးအေဂျင်စီက ပြီးခဲ့သည့် ရက်သတ္တပတ်က သတိပေးခဲ့ပြီးဖြစ်သည်။ **ဒေးလီးတယ်လီဂရပ်။**

အိန္ဒိယတွင်ရေကြီးမြေပြို၍ ၄၇ ဦးသေဆုံး

လက်ခ်နောင်(အိန္ဒိယ) စက်တင်ဘာ ၂၀

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကုန်းတောင်တန်းများ ထူထပ်သောနယ်မြေတွင် မုတ်သုံမိုးသည်းထန်စွာရွာ၍ မြေပြိုခြင်းများကြောင့် အနည်းဆုံး ၄၇ ဦးသေဆုံးကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

တနင်္ဂနွေနေ့တွင် ဥတ္တရာခန်ပြည်နယ် အယ်လ်မိုရာခရိုင်အတွင်းရှိ ရွာသုံးရွာ၌ လူနေအိမ်များပေါ်သို့ ကျောက်တုံးကြီးများ ရေတိုက်စားပြီး ပြိုကျရာ ၂၄ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ပရာရှန့်ကုမာတတ္တက ပြောသည်။

စနေနှင့် တနင်္ဂနွေနေ့များတွင် ပစ်တိုရာဂတ်ချ်၊ ချန်ပါဝပ်နှင့် ဥတ္တရာကာချီပြည်နယ်များတွင် နေအိမ်များပေါ်သို့ မြေပြိုကျခြင်း၊ အရှိန်ပြင်းထန်သောရေစီးကြောင်းတွင် မျောပါသွားခြင်းတို့ကြောင့် ၂၃ ဦးသေဆုံးကြောင်း ကုမာတတ္တက အေပီသတင်းဌာနသို့ ပြောကြားသည်။ တနင်္လာနေ့တိုင်အောင် ပြင်းပြင်းထန်ထန်ရွာလျက်ရှိသောမိုးသည် တက်ချ်ဒီဆည်အနီးမှ ဒါဇင်နှင့်ချီ၍ရှိသော ရွာများကို ခြိမ်းခြောက်လျက်ရှိသည်။ ယင်းဆည်မှာ စိုးရိမ်ရေမှတ်အဆင့်သို့ ရောက်လုနီးပါးရှိနေပြီဖြစ်သည်။

ယင်းဒေသသည် ဥတာပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်လက်ခ်နောင်၏ အရှေ့တောင်ဘက်မိုင် ၂၅၀အကွာ၌ တည်ရှိသည်။ ယင်းပြည်နယ်တွင်းရှိ ဖိုင်ဇာဘတ်မြို့အနီး ရေလျှံနေသောမြစ်အတွင်း ကျောင်းသားများတင်ဆောင်လာသော မော်တော်တစ်စင်းတိမ်းမှောက်သွားရာ ၁၅ ဦး ရေနစ်သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အေပီ။

ဥတာပရာဒေ့ရှ်ပြည်နယ် မိုရာဒရာဘတ်မြို့၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပေါ်တွင် ရေလျှံနေသည်ကို တွေ့ရစဉ်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးအထူးကုဆေးရုံကြီး၌ ဆေးရုံ တက်ရောက်လျက်ရှိသည့် လူနာများအား ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

❀ **ကာကွယ်ရေးမှ**

အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူတို့က ဆေးရုံတက်ရောက်လျက်ရှိသော လူနာများအား ပစ္စည်းများကို ပေးအပ်ကြကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေနှင့် တိုင်းမှူးတို့က ဆေးရုံအတွက် ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီတပ်နယ်ရှိ တပ်ကြီးကုန်းကျေးရွာအုပ်စု နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မှော်ဘီတပ်နယ်ရှိ ဆတ်သွားတောကျေးရွာအုပ်စု နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး နယ်မြေခံ တပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းများမှ မိသားစုဝင်များအတွက် (၂၁)လက်မ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းကာ မှော်ဘီတပ်နယ် နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တပ်ရင်းသက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ သီလရှင်ဆေးရုံ ကြီးကြပ်ရေး အမျိုးသမီးအဖွဲ့က ဇီဝိတဒါန သံဃာ့ဆေးရုံဝင်းအတွင်း အသစ်ဆောက်လုပ်မည့် ခြောက်ထပ် သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၈၂၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

မအူပင်မြို့နယ် ရေကျော်ရွာအနီး တိုးမြစ်အတွင်း၌ ရေယာဉ်နှစ်စင်းတိုက်မိ သုံးဦးဒဏ်ရာရရှိပြီး တစ်ဦးပျောက်ဆုံးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

မအူပင်မြို့နယ် ရေကျော်ရွာအနီး တိုးမြစ်အတွင်း၌ ဖေယျာမင်းပဲ့ထောင်ရေယာဉ်နှင့် ဗလကျော်သူခရီးသည်တင်ရေယာဉ်တို့ စက်တင်ဘာ ၁၇ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် တိုက်မိခဲ့ကြောင်း သိရှိရသည်။

ရေယာဉ်တိုက်မိမှုကြောင့် ဗလကျော်သူ ရေယာဉ်ပေါ်ပါခရီးသည်တစ်ဦး ဒဏ်ရာရရှိပြီး ဖေယျာမင်းပဲ့ထောင်ရေယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦး ဒဏ်ရာရရှိကာ ပဲ့ထောင်လုပ်သားတစ်ဦး ရေထဲပြုတ်ကျ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဖေယျာမင်းပဲ့ထောင်ရေယာဉ်သည် ဗလကျော်သူသင်္ဘောရေကြောင်းအတွင်း ဦးတည်မောင်းနှင်လာ၍ ဗလကျော်သူရေယာဉ်က စက်ရှိန်လျှော့ကာ ဟွန်းဆွဲခြင်း၊ ရေကြောင်းမှ ကမ်းအနီးသို့ အနီးဆုံး ကပ်ပေးခြင်းများ ပြုလုပ်ခဲ့သော်လည်း ဖေယျာမင်းပဲ့ထောင်ရေယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ဗလကျော်သူ ရေယာဉ်၏ဝဲဘက်ဦးပိုင်းအား တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ပဲ့ထောင်ဦးတုံးနှင့် ပျဉ်အစပ်များကွဲအက်သွားသော ဖေယျာမင်းရေယာဉ်အား ဗလကျော်သူရေယာဉ်ကတွဲ၍ ဆွဲယူကာ ရေကျော်ရွာဘက်ကမ်းသို့ တင်ပေးခဲ့ကြောင်း၊ ဖေယျာမင်း ပဲ့ထောင်ရေယာဉ်မောင်းအား မအူပင် ရဲစခန်းက ရေယာဉ်မဆင်မခြင်မောင်းနှင်မှု၊ သာမန်ဒဏ်ရာရရှိမှုဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

တောင်ကုတ်မြို့နယ် အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်နိုင်ရန်အတွက် ၁၂ လမ်း မရမ်းကုန်းမြို့နယ်နေ ဦးခင်မောင်ထွေး-ဒေါ်စုစုကြည် (ဦးအောင်ချမ်းသာ ရွှေပန်းထိမ်ဆိုင်) မိသားစုမှ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

(၆၆) ကြိမ်မြောက်
ဗဟိုကောင်စီအစည်းအဝေး

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ (၂၈)-(၂၉) ရက်

အစည်းအဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်
နေပြည်တော်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E.Mr.He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီစည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E. Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ညပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းက တရုတ်ဧည့်သည်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံကို ကြည့်ရှုလေ့လာကြသည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျောက်မျက်ရတနာပြတိုက်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC)နှင့် နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြသည်။

တက်ရောက်

ထို့နောက် ညပိုင်းတွင် Mandalay Hill Resort ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

တရုတ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်၊ ယဉ်ကျေးမှုပြတိုက်နှင့် ရတနာပုံတံတားတို့ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်၊ မဟာမြတ်မုနိဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တရုတ်ဧည့်သည်တော်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကော့ကရိတ်မြို့နယ် နဘူး-ရေပူ-ပိုင်ကျုံလမ်းပေါ်ရှိ ပတတံတားဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကရင်ပြည်နယ်ဘားအံခရိုင်က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နဘူး-ရေပူ-ပိုင်ကျုံလမ်းပေါ်ရှိ ပတတံတား ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူ အင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားအစီအစဉ်အရ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ပတတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် ပတတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပတတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ မုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌက ပတတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာ ပက်ဖျန်းကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် စည်ပင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်များ သောက်သုံးရေ ဖြည့်တင်းရရှိရေးနှင့် လမ်းများ အဆင့်မြင့်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်သည် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ဆိပ်ကမ်းသာ(အထက်) လမ်းထောင့်၌ ဆိပ်ကမ်းသာ(အထက်) လမ်းနှင့် ၃၈ လမ်း(အထက်) လမ်းများ သောက်သုံးရေဖြည့်တင်းရရှိရန် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က အချင်း ရှစ်လက်မရှိ အားဖြည့်စက်ရေတွင်း တူးဖော်နေမှုနှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆိပ်ကမ်းသာ(အထက်) လမ်းအဆင့်မြင့်စေရန် ကွန်ကရစ်လမ်းချော ခင်းနေမှုနှင့် အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား ၃၄ လမ်း အဆင့်မြင့်စေရန် ကွန်ကရစ် လမ်းချောခင်းနေမှုတို့ကို လည်းကောင်း၊ လသာမြို့နယ် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား လမ်း ၂၀ အဆင့်မြင့်စေရန် ကွန်ကရစ်လမ်းချောခင်းနေမှုကို လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား ၂၅ လမ်း အဆင့်မြင့်စေရန် ကွန်ကရစ်လမ်းချောခင်းနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း ဆိပ်ကမ်းသာ(အထက်)လမ်း ကွန်ကရစ်လမ်း ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၀ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၀

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ၂၀၁၀ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၄ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည် ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ် (သိပ္ပံအထူးပြု)၊ ဒုတိယနှစ် (သိပ္ပံအထူးပြု)နှင့် တတိယနှစ် (သိပ္ပံအထူးပြု) ကျောင်းသား၊ ကျောင်းသူအားလုံးသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ကြေညာထားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၀ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၀

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၀ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၄ ရက်မှ ၂၄ ရက်ထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများနှင့် ဥပဒေပညာအထူးပြု စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါ ဌာနခွဲများတွင် စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၀ ပညာသင်နှစ် တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၀

ရန်ကုန်အဝေးသင်တက္ကသိုလ် နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ၂၀၁၀ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၁၀ ရက်မှ ၁၉ ရက်ထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လုပ်ငန်းခွင်ဝင် Essential Network သင်တန်းများ ပို့ချမည်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာအိုင်စီတီ နည်းပညာရပ်များပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းခွင်တွင် လိုအပ်လျက်ရှိသော ကျွမ်းကျင် Professional များ အရည်အချင်းမီ ဖြည့်ဆည်းနိုင်ရေးတို့ကို ရည်ရွယ်၍ M.S.T နည်းပညာသင်တန်းကျောင်းမှ Networking အခြေခံမှစ၍ နိုင်ငံတကာ အသိအမှတ်ပြု Professional Level အထိ တက်လှမ်းနိုင်မည့် Essential Network Engineering သင်တန်းကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် အဓိက Core ဘာသာရပ်နှစ်ခုဖြစ်သော Networking နှင့် Server Administration တို့ကို စာတွေ့၊ လက်တွေ့ အသေးစိတ် တိတိကျကျ သင်ကြားသွားမည်ဖြစ်သည်။ နိုင်ငံတကာ အသိအမှတ်ပြု Comp TIA Networking နှင့် Essential Network သင်ရိုးညွှန်းတမ်းများနှင့်အညီ Network အခြေခံသဘောတရားများ၊ Internetworking နည်းပညာရပ်များ၊ Network Devices များ အကြောင်း၊ Networking Model များ၊ TCP/ IP Concepts, Routing-Switching , IPV4, IPV6, Wireless Networking, WAN Technologies, Networking Security, Troubleshooting, Structured Physical Connectivity များအပြင် လုံခြုံစိတ်ချမှုအတွက် Server Based ကွန်ရက်များ ထိန်းသိမ်းကိုင်တွယ်နိုင်ရန် Microsoft Windows Server 2003-2008 နှင့် Red Hat Linux Server ပိုင်းများကို Installation, Configuration, Managing-Maintaining များ၊ DHCP, DNS, WEB, MAIL, PROXY, REMOTE, FILE, TILE, PRINT အစရှိသော Server များအဖြစ် အသုံးပြုပုံများကို စာတွေ့လက်တွေ့ သင်ကြားရမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက Network Technician, Engineer တစ်ဦးအဖြစ် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်စေမည်ဖြစ်သည်။

Computer Networking ကို စိတ်ဝင်စားသူများ၊ Computer အထူးပြုဘာသာရပ်လေ့လာနေသော ကောလိပ်၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ လက်တွေ့လုပ်ငန်းခွင်များတွင် Networking ဖြင့် အဆင့်မြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ ရည်ရွယ်ချက်ကြီးသူများ တက်ရောက်ရန် ရည်ရွယ် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ သင်ကြားပြီးသင်ခန်းစာများကို Discussion -Assignment ပြုလုပ်ခြင်း၊ Technical နှင့် ဗဟုသုတများ ဖလှယ်ခြင်း၊ Seminar များ အပတ်စဉ် တက်ရောက်ခွင့်များနှင့် သင်တန်းပြီးဆုံးပါက On-Job-Training အလုပ်သင်အဖြစ် ဝင်ရောက်ပြီး အတွေ့အကြုံရယူခွင့်များ ရရှိမည်ဖြစ်သည်။

M.S.T သင်တန်းကျောင်းသည် Networking ကို အထူးပြုသင်ကြားသော ဘာသာရပ်များနှင့် One- Stop Network Training ဖြစ်သည့်အတွက် အဆိုပါ သင်တန်းပြီးဆုံးပါက နိုင်ငံတကာ အသိအမှတ်ပြု CCNA, CCNP, CWNP, MCITP, LPI အစရှိသော အသက်မွေးဝမ်းကျောင်းပြု အောင်လက်မှတ်များကို ဆက်လက်ဖြေဆိုရယူနိုင်မည်ဖြစ်သည်။ သင်တန်းသစ်ကို စက်တင်ဘာ ၂၇ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလခွဲကြာမြင့်ပြီး တစ်ပတ်လျှင် ငါးရက် (တနင်္လာမှ-သောကြာ) တက်ရောက်သင်ကြားရမည်။ သင်တန်းသားဦးရေ ၁၂ ဦးသာ ကန့်သတ်ထား၍ တက်ရောက်လိုသူများ၊ စိတ်ဝင်စားသူများအနေဖြင့် M.S.T Computer Centre အမှတ် (၁၁၁) ပထမထပ် လမ်း(၄၀) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၁၆၅ နှင့် ၀၉-၅၁၂၆၁၀၈ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦး ကျော် ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ခိုင်မာသည့် စတုတ္ထမဏ္ဍိုင်အဖြစ် အစဉ်ရပ်တည် စာပေစာနယ်ဇင်းအဖွဲ့၏ လှုပ်ရှားမှုများကို ယခုထက် ပိုမိုတိုးတက် ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ကုန်သည်လမ်း စာပေဗိမာန်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)တို့က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အနေဖြင့် လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းလိုအပ်ချက်များအပေါ် ဘက်စုံ၊ ထောင့်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် စာပေစာနယ်ဇင်းများအနေဖြင့် အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ခိုင်မာသည့် စတုတ္ထမဏ္ဍိုင်အဖြစ် အစဉ်ရပ်တည် ပါဝင်ဆောင်ရွက်သွားကြရန်၊ ပြည်သူများ စာပေဗဟုသုတ တိုးပွားစေရေး၊ စာဖတ်ရှိန် မြင့်မားရေးအတွက် စာပေစာနယ်ဇင်းအဖွဲ့၏ လှုပ်ရှားမှုများကို ယခုထက် ပိုမိုတိုးတက် ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်သွားကြပါရန်၊ လူထုအခြေခံ ရန်ပုံငွေစနစ်ဖြင့် တည်ထောင်ထားသည့် ကျေးရွာ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ပိုမိုသိရှိပူးပေါင်း ပါဝင်လာစေရေးအတွက် စာပေစာနယ်ဇင်းအဖွဲ့အနေဖြင့် အသိပညာပေး လှုံ့ဆော်မှုများ ဆောင်ရွက်ပေးကြရန်နှင့် မြန်မာနိုင်ငံ စာပေစာနယ်ဇင်းအဖွဲ့က စီစဉ်ဖွင့်လှစ်သည့် သတင်းစာပညာသင်တန်းများကိုလည်း သင်တန်း၏ ရည်ရွယ်ချက်များနှင့်အညီ ထိရောက်အောင်မြင်အောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များက ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသည့် ဗဟိုအမှုဆောင် ကော်မတီဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပုလဲမြို့နယ် အိုးဘိုရွာ မူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု အိုးဘိုရွာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု အိုးဘိုရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် မြို့နယ် ပညာရေးမှူး ဦးထိန်မင်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်မင်းက ပညာရေးနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အုပ်စုအတွင်းရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မင်္ဂလာဈေး အကြီးစား ပြန်လည်တည်ဆောက်မှုတွင် အရေးပေါ်လှေကား ခြောက်စင်း ထည့်သွင်းမည်၊ အွန်လိုင်းဈေးရောင်းပွဲတော်ကြီး ကျင်းပမည်၊ မန္တလေးမှ ဆော်ဒီအာရေဗျနိုင်ငံ ဂျာဒါမြို့သို့ လေကြောင်းခရီး စတင်ပျံသန်းမည်၊ တရုတ်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယလေးနိုင်ငံ ဖြတ်ကျော်ကားမောင်းပြိုင်ပွဲ ကျင်းပမည်၊ အရှေ့တောင်အာရှတွင် မြန်မာသဘော်သား အလုပ်အကိုင် ဈေးကွက်ပျောက်ဆုံး၍ အနောက်ဥရောပနိုင်ငံများသို့ ဈေးကွက်ရှာဖွေလာကြ၊ မလေးရှားသို့ သွားလိုသူများအတွက် အေဂျင်စီများ ဝန်ဆောင်ခ အပြိုင်လျှော့ချလာ၊ ဘောလုံးပွဲတွင် ဒိုင်ငါးဦးထားရှိမည့်စနစ်ကို အာရှတွင် ပထမဆုံးအဖြစ် မြန်မာနိုင်ငံ၌ စတင်ကျင့်သုံးမည်၊ ကမ်းရိုးတန်းဖုန်းများကို ဆယ်လူလာဖုန်းများဖြင့် အလိုက်ပေး၍ လဲလှယ်နိုင်၊ စူပါမားကက်ကြီးများနှင့် ထိုင်းကုမ္ပဏီများ တိုက်ရိုက်ချိတ်ဆက်ရောင်းချရန်စီစဉ်၊ FTTX စနစ်ကို ရန်ကုန်မြို့ရှိ တာဝါနှစ်ခုနှင့် အိမ်ရာတစ်ခုတွင် စတင်အသုံးပြုတော့မည်၊ နိုင်ငံအနှံ့မှ အမြွာပူးများ ဒုတိယအကြိမ်တွေ့ဆုံကြမည်၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကျွန်းများသို့ အပျော်စီးသင်္ဘော ခရီးစဉ် စတင်ပြေးဆွဲမည်၊ ကမ္ဘာ့ပထမဆုံး အပြည်ပြည်ဆိုင်ရာ ဝိပဿနာကျောင်းများကို တွံတေးမြို့နယ်၌ တည်ဆောက်မည်၊ မျှော်စင်ကျွန်း၌ နာမည်ရတေးဂီတ ၁၁ ဖွဲ့ပေါင်း၍ ဖျော်ဖြေမည်၊ မြန်မာစာနယ်ဇင်းသမား ၂၅ ဦး အိန္ဒိယ၌ စာနယ်ဇင်းပညာ သင်တန်းတက်ရန် ထွက်ခွာ၊ အင်္ဂလန်အသိအမှတ်ပြု စီးပွားရေးသင်တန်းတွင် ကမ္ဘာ့အမှတ်အများဆုံးဆုကို မြန်မာကျောင်းသားခုနစ်ဦး စံချိန်တင်ရရှိ၊ လေဆင်နှာမောင်းထဲ အမြင့်ပေ ၂၀၀ ထိ ပါသွားသော်လည်း ခုနစ်နှစ်သားလေး အသက်မသေ၊ ငြိမ်းချမ်းရေး နိုဘယ်ဆုရရှိထားသူက သမိုင်းတစ်လျှောက် အကြီးမားဆုံးလက်နက် အရောင်းအဝယ် စာချုပ် ချုပ်ဆို၊ ကာတာနိုင်ငံက တစ်ကွင်းလုံး လေအေးပေးစက်တပ်ဆင်ထားသော ဘောလုံးကွင်းများကိုပြသ၍ ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပခွင့်ရရှိရန်ကြိုးပမ်း၊ ဘာသာစကား ၁၅ မျိုး ပြောနိုင်သည့် စက်ရုပ်ကို နာဆာကဝယ်ယူ၊ ထိုင်းနိုင်ငံတွင် လွှတ်တော်အဆောက်အအုံရှေ့ရှိ ကြိုးဝိုင်းပေါ်၌ အမတ်နှစ်ဦး လက်ဝှေ့ထိုးသတ်၊ သမိုင်းတစ်လျှောက် အဆိုးရွားဆုံး ရေနံဖိတ်လျှံကျမှုဖြစ်စေခဲ့သည့် ရေနံတွင်းကို ပိတ်နိုင်ခဲ့ပြီ၊ မြေအောက်မှ ချီလီမိုင်းတွင်းလုပ်သားများအတွက် ပိတ်မိနေရာသို့ ပထမဆုံး ကယ်ဆယ်ရေး တွင်းရောက်ပြီ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ အပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပန်းပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ၊ ပန်းချီဆရာကြီး ဦးသောင်းဟန်က ၎င်းကိုယ်တိုင် ရေးဆွဲထားသော နှင်းဆီကုန်း ဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့သူ အဘွား ဒေါ်ဦးဇွန်း၏ ပုံတူပန်းချီကားတစ်ချပ်အား နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ထူးကဲဒီရေ သတိပေးချက်ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၀

စက်တင်ဘာ ၂၄ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၀ ဒသမ ၂ ပေ ခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ် မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာသဒ္ဒါ မြတ်ကျမ်းစာ အပိုင်း(၄)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် အပိုင်း(၂၀)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၁၅)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

စီးပွားဖြစ်သစ်ခွ စိုက်ပျိုးမှုသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်း အမှတ်စဉ်(၁/ ၂၀၁၀)ကို အောက်တိုဘာ ၁၁ ရက် မှ ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အတွင်း သင်တန်းသား၊ သင်တန်းသူ ၄၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးသင်တန်းခန်းမ၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၄၅)

❖ ရှေ့ဖုံးမှ

အခမ်းအနား အစီအစဉ်အရ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီး ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူတို့က မြောက်ယမားချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက မြောက်ယမားချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြောက်ယမားချောင်းတံတားကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် ပုသိမ်မှ မုံရွာအထိ မော်တော်ယာဉ်များဖြင့် အချိန်တိုအတွင်း အလွယ်တကူလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးလေးတိုင်းကို ဖြတ်သန်းသွားလာနိုင်ပြီး ဤဒေသအတွင်းရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူတို့ မြောက်ယမားချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလွင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ မြောက်ယမားချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။
(သတင်းစဉ်)

ရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသများတွင် ကြိုတင်ငွေပေးဝင်ကတ်စနစ်ဖြင့် ဇုန်ဝင်ကြေး၊ ပြတိုက်ဝင်ကြေးများ ကောက်ခံရန် သရုပ်ပြရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၀

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသများတွင် ကြိုတင်ငွေပေးဝင်ကတ်စနစ် (Prepaid Card System) ဖြင့် စတင်ကောက်ခံသွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ သရုပ်ပြရှင်းလင်းပွဲကို စက်တင်ဘာ ၁၉ရက် နံနက်၁၀နာရီတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ကျင်းပသည်။

သရုပ်ပြရှင်းလင်းပွဲသို့ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်မြင့် (ဥက္ကဋ္ဌ၊ Winner Computer Group) နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းကော်မတီများနှင့် ဧည့်လမ်းညွှန်များ တက်ရောက်ကြသည်။

သရုပ်ပြရှင်းလင်းပွဲတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ပုဂံ၊ မန္တလေး၊ ပဲခူး၊ ကျိုက်ထီးရိုး အစရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသအသီးသီးသို့ လာရောက်လေ့လာ လည်ပတ်သော နိုင်ငံခြားသားဧည့်သည်များထံမှ ဇုန်ဝင်ကြေးကောက်ခံခြင်းကို လွန်ခဲ့သော ဆယ်နှစ်ကျော်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဇုန်၃၇ခု သတ်မှတ်ပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ အမျိုးသားပြတိုက်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြတိုက်များကိုလည်း ဖွင့်လှစ်ပြသလျက်ရှိကြောင်း၊ ဇုန်ဝင်ကြေး၊ ပြတိုက်ဝင်ကြေးများကို နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ/ FEC/ယူရို) ဖြင့် ကောက်ခံလျက်ရှိရာ မသမာမှုများ ပပျောက်စေရေးနှင့် ဌာနနှင့်လုပ်ငန်းရှင် ဧည့်သည်များအကြား ပိုမိုအဆင်ပြေစွာ ဆက်ဆံဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ဤ Prepaid Card System စနစ်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစ၍ ပြောင်းလဲ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ပဲခူး၊ ပုဂံ၊ မန္တလေး၊ ကျိုက်ထီးရိုးနှင့် အမျိုးသားပြတိုက်(ရန်ကုန်) တို့တွင် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Prepaid Card ကြိုတင်ရောင်းချမှုကို ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(နေပြည်တော်) တို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ နောင်တွင် Online မှ ဝယ်ယူနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကြိုတင်ဝယ်ယူထားခြင်း မရှိကလည်း သက်ဆိုင်ရာဇုန်အသီးသီးရှိ ကောက်ခံရေးစခန်းများတွင် ရောက်ရှိမှ ဝယ်ယူနိုင်ကြောင်း၊ ကြိုတင်ဝယ်ယူထားပါက သက်ဆိုင်ရာဇုန်များသို့ ရောက်ရှိပြီး စောင့်ဆိုင်းရမှုမရှိဘဲ လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရောက်ရှိမှ ဝယ်ယူပါက စာရင်းသွင်းခြင်းများအတွက် စောင့်ဆိုင်းရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်က ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်မြင့် (ဥက္ကဋ္ဌ၊ Winner Computer Group)က ဇုန်ဝင်ကြေး၊ ပြတိုက်ဝင်ကြေးများကို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသများတွင် ကျင့်သုံးသွားမည့် ကြိုတင်ငွေပေးဝင်ကတ်စနစ်၏ အသုံးပြုဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတွင် ခရီးသွားလမ်းညွှန်မိုဘိုင်းဆော့ဝဲ(လ်)၏ လျင်မြန်လွယ်ကူပေါ့ပါးစွာ ဆောင်ရွက်သွားနိုင်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းကော်မတီများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဧည့်လမ်းညွှန်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Prepaid Card စနစ် ကျင့်သုံးကောက်ခံခြင်းကို ခရီးသွားကုမ္ပဏီများ၊ Tour Agent များ၊ ဧည့်လမ်းညွှန်များအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အတူ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းပေးစေလိုကြောင်းနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၂၁-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်	၁း၃၀	အစီအစဉ်ပြီး၏။
၇း၀၅	နိုင်ငံတော်သီချင်း+ ကြေညာချက် တရားတော်(တောင်တန်းသာသနာပြုဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေး	၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ	၄း၃၀	သောတရှင်လိုရာတေး
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ	၅း၀၀	မေတို့တွက်တာ အလှကမ္ဘာ (လည်တိုင်ကျော့ရှင်း အလှဝင်း)
၈း၁၀	ပြောပါရစေရှင် (ပျော်ရွှင်ခြင်းသော့)	၅း၁၀	တေးပဒေသာ
၈း၃၀	တေးပဒေသာ	၅း၂၅	သတင်းစာဆောင်းပါး
၁၀း၀၀	မွေးနေ့လက်ဆောင်	၅း၃၀	ညနေခင်းတေးပဒေသာ
၁၀း၃၀	သတင်းစာအာဘော်	၅း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၅၈)
၁၀း၃၅	တေးပဒေသာ	၆း၀၀	ညနေခင်းသတင်း
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ကော်ပြန့်စိမ်း) တေးသီချင်း	၆း၁၀	ညနေခင်းတေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း	၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ဂန္ဓဝင် ကလေးပုံပြင်များ (မောင်သိန်းလွင်) ၂။ သမီးလေးဖတ်ဖို့(၁၃) (ကောင်းသန့်)
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ	၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၁း၂၅	Talk on line (ယဉ်ဝေယံထွန်း)	၇း၀၀	နိုင်ငံတကာသတင်း
၁၁း၅၀	တေးပဒေသာ	၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (ချမ်းမြေ့ရိပ်ငြိမ်) နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song	၈း၀၀	ပြည်တွင်းသတင်း
၁၂း၄၀	ပြုံးပဒေသာ (ဟာသကမ္ဘာ-၇)	၈း၂၀	တေးစီးရီး (ဆည်းဆာအလှ- တေးသံရှင်များ)
၁း၀၀	မွန်းလွဲပိုင်းသတင်း	၈း၃၀	စီးပွားရေးဦးတည်ချက်
၁း၁၀	ပညာရေးအစီအစဉ် (ဆဋ္ဌမတန်း-စာရိတ္တနှင့်ပြည်သူ့နီတိ) တေးပဒေသာ	၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
		၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
		၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သုတေသနစာတမ်းများ ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သုတေသနနှင့် အင်ဂျင်နီယာ ဘာသာရပ်ပေါင်းစုံ စာတမ်းဖတ်ပွဲများကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့ ဖတ်ကြားလိုသော သုတေသနစာတမ်းများ စာတမ်းအကျဉ်းချုပ် (Abstract) ကို နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းအပြည့်အစုံ Full Paper ကို ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန် (Email address-mes@mptmail.net.mm, mes.asre6@gmail.com တို့သို့ လိပ်မူပြီး ပေးပို့ရမည်ဖြစ်ကြောင်း၊ အသေးစိတ်အစီအစဉ်နှင့် စာတမ်းရေးသားရန် Guide Line ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Website- www.mes.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးအဖွဲ့မှူး ဒေါ်အေးအေးမော် ဖုန်း-၅၁၉၈၅၄၊ ၅၁၉၆၇၆၊ လိုင်းခွဲ - ၂၀၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား ကျင်းပ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၀

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) က ကြီးမှူး၍ အဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ်ကျင်းပသည့် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် Mr. Efthimios E. Mitropoulos ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ၂၀၁၀ ခုနှစ် ဖွန် ၁၀ ရက်တွင် စပိန်နိုင်ငံ၏ အနောက်မြောက်ဘက် မိုင် ၃၅၀ အကွာ ကမ်းလွန်ပင်လယ်ပြင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ဘေးဒုက္ခရောက်နေသည့် အပျော်စီးသင်္ဘောမှ အင်္ဂလိပ်လူမျိုးလေးဦးအား သက်စွန့်ဆံဖျား ကယ်တင်ခဲ့သော MTM သင်္ဘောကုမ္ပဏီပိုင် MTM PRINCESS ရေယာဉ်မှ ရေယာဉ်မှူး Capt. ဇော်အောင်နှင့် မြန်မာ့ရေယာဉ်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ရေယာဉ်မှူး Capt. ဇော်အောင်က မိမိနှင့် သင်္ဘောဝန်ထမ်းများ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် ဌာနအကြီးအကဲများ၊ ဧည့်သည်တော်များသည် ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် " 2010 YEAR OF THE SEAFARER " နှင့် စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် Mr. Efthimios E. Mitropoulos ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

❒ ကျောဖုံးမှ

ကြက်သွန်ဖြူ စိုက်ခင်းမှ နုတ်ပြီးခါစ နေလှန်းရက်မကြာသေးသော ကြက်သွန်ဖြူဥများကို 'အစို' ဟု ခေါ်လေ့ရှိပြီး ဥအကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားသည်။ ဥတစ်လုံး ကြက်သွန်ဖြူမှာ အခွံနွာ၍ လွယ်ကူပြီး ဟင်းချက်ပြုတ်ရာတွင် အဆင်ပြေ၍ ဈေးကောင်းရခြင်းဖြစ်သည်။

နောင်တရားမြို့ နောင်တောကျေးရွာမှ ကြက်သွန်ဖြူစိုက်ပျိုးသူ မခင်ထွေးရီက ကြက်သွန်ဖြူ ပေါက်ဈေးနှုန်းအကြောင်း ပြောပြစဉ်။

ကြက်သွန်ဖြူစိုက်ခင်းပိုင်ရှင် မခင်ထွေးရီက "ကြက်သွန်ဖြူလုပ်ငန်းကို အဘွားလက်ထက်ကတည်းက လုပ်လာတာပါ။ ကိုယ်တိုင်လည်းစိုက်သလို တောင်သူတွေဆီကလည်း ဝယ်ပါတယ်။ ကြက်သွန် ဖြူ များများရပြီဆိုရင် အောင်ပန်းကို သွားရောင်းရတယ်။ အောင်ပန်းမှာ ကြက်သွန်ဖြူပွဲရုံတွေရှိတယ်။ ကြက်သွန်ဖြူကို တန်ဆောင်မုန်းလမှာ စတင်စိုက်ပျိုးပြီး တပေါင်း၊ တန်ခူးဆိုရင် ပေါ်ပါတယ်။ ဒီနှစ် ကြက်သွန်ဖြူ ဈေးကောင်းလို့ တောင်သူတွေ တွက်ခြေကိုက်ကြတယ်။ ဈေးအတက်အကျက တစ်နှစ်နဲ့ တစ်နှစ် ပုံမှန်မရှိပါဘူး။ ကြက်သွန်ဖြူတုံးရင် မြေပဲတို့၊ ပဲပုပ်တို့ စိုက်ပါတယ်" ဟု ပြောကြားသည်။

လွိုင်ကော်မြို့သို့ အသွားခရီးတွင် နောင်တရားမြို့အထိ လိုက်ပို့သော တီကျစ် ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလွင်၊ တီကျစ်အထိ လာကြိုသော ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လက်ထောက်အင်ဂျင်နီယာ ဦးစန်းယုမော်၊ နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ ရုံးအုပ်ကြီး ဦးစိုင်းအောင်တင့်တို့နှင့် အတူ နောင်တရားမြို့အတွင်း မြို့လမ်းဆုံ၊ ကျောက်တစ်လုံးလမ်းခွဲ၊ လိမ္မော်ခြံနှင့် သက်တမ်း (၂၅)နှစ်ရှိပြီဖြစ်သော ပရိယတ္တိစာသင်တိုက်ကြီးတို့ကို လှည့်လည်ကြည့်ရှုလေ့လာဖြစ်ခဲ့သည်။

နောင်တရားမြို့ကွက်ကို ပရိယတ္တိစာသင်တိုက်ကြီးတည်ရှိရာ တောင်ကုန်းထက်မှ စီး၍ကြည့်သောအခါ အစီအရီဆောက်ထားသော လူနေအိမ်များသည် မြို့ပြစည်ပင်ဖွံ့ဖြိုးမှုသရုပ်ကို ထင်ဟပ်လျက်ရှိပေသည်။ နောင်တရားမြို့၏ လယ်မြေများသည် မြေဆီမြေဩဇာ ကောင်းမွန်ပြီး ရာသီဥတုနှင့် ကိုက်ညီသည့်သီးနှံများကို သီးထပ်စိုက်ပျိုးနိုင်၍ စီးပွားရေးကောင်းမွန်ကြသည်။ နောင်တရားမြို့၏ အဓိကထွက်ကုန်ဖြစ်သည့် အာလူးနှင့် ကြက်သွန်ဖြူမှာ အရည်အသွေးကောင်းမွန်၍ နာမည်ရပြီး လူကြိုက်များကြောင်း သိရသည်။

နောင်တရားမြို့ မြို့ကွက်၌ လူနေအိမ်များ အစီအရီဆောက်လုပ်ထားမှုကို တွေ့ရစဉ်။

နောင်တရား မြို့ကလေးသည် အောင်ပန်း-ပင်လောင်း လမ်းပေါ်တွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသည်။ လွိုင်ကော်မြို့ အထိ ကားလမ်းပေါက်သော်လည်း နောင်တရားမြို့နှင့် လွိုင်ကော်မြို့မှာ ၆၁ မိုင်ကွာဝေး၍ အောင်ပန်းမြို့နှင့်သာ စီးပွားကုန်သွယ်မှုပိုများသည်။ နောင်တရားမြို့မှ ကလောမြို့၊ အောင်ပန်းမြို့နှင့် တောင်ကြီးမြို့များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည်။ နောင်တရားမြို့မှ မန္တလေးမြို့နှင့် နေပြည်တော်တို့သို့လည်းကောင်း ပျော်ဘွယ်ဘုရားငါးဆူလမ်းမှတစ်ဆင့် အချိန်တိုအတွင်း ခရီးပေါက်နေပြီဖြစ်သည်။

နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ရုံးအုပ်ကြီး ဦးစိုင်းအောင်တင့်က "ဒေသရဲ့ အဓိက စီးပွားရေးလုပ်ငန်းကတော့ စိုက်ပျိုးရေးပါ။ အဓိက စိုက်တာကတော့ အာလူးနဲ့ ကြက်သွန်ဖြူပေါ့။ နှစ်ရှည်သီးနှံအနေနဲ့ လက်ဖက်၊ သစ်တော်၊ လိမ္မော်တို့စိုက်ကြပါတယ်။ စက်ရုံ အလုပ်ရုံ ကြီးကြီးမားမား မရှိဘဲ ဆန်စက်၊ ဆီစက်နဲ့ ကျေးရွာမီးလင်းရေး ပုဂ္ဂလိကအသေးစား ရေအားလျှပ်စစ်စက်ရုံလောက်ပဲ ရှိပါတယ်" ဟု ပြောကြားသည်။

ခရီးဆက်ရန် ပြင်သောအခါ နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ရုံးအုပ်ကြီး ဦးစိုင်းအောင်တင့်က ရုံးပေါက်ဝအထိ လိုက်ပို့ကာ မော်တော်ယာဉ် မထွက်မီ "ကျွန်တော်တို့ မြို့ကလေးအကြောင်းကို စောင့်ဖတ်နေမယ်နော် "ဟု ပြောရင်း နှုတ်ဆက်ပါသည်။ အောင်ပန်းနှင့် ပင်လောင်းကြားက တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးစည်ပင်လျက်ရှိသည့် နေချင့်စဖွယ် နောင်တရားမြို့ကလေးသို့ အခါအခွင့်သင့်လျှင်ဖြင့် သွားရောက်လေ့လာချင်ပါသေးသည်။ ။

နောင်တရားမြို့၌ ပျားလိမ္မော်ပင်များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုကို တွေ့ရစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အလှနှစ်မျိုး၏အလှဆုံး" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆း၃၅	ဖူးမည်အမှန်. . . ထူးမည်ဧကန်. . . မာရ်ငါးမာရ်. . .
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၀)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၄)**
၈း၄၀	ဒေါနတောင်တန်းကြီးနဲ့ သာယာလှပနေသော ကော့ကရိတ်မြို့
၈း၅၅	Activities In The City [အထက(၂) သန်လျင် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ]
၉း၁၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၁) (ပါမောက္ခဒေါက်တာ ချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၉း၃၅	Cartoon Show Time (The Missing Lynx)
၁၀း၁၀	ကုသိုလ်ယူရေး အသိပေးနှိုးဆော် ဇမ္ဗူဒီပဗိမာန်တော်
၁၀း၃၀	စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
၁၀း၄၅	Celebrity Style (ပပဝင်းခင်)
၁၁း၁၅	International Show Biz
၁၁း၃၅	လှပသစ်ဆန်း ဖန်စီဖိနပ်လုပ်ငန်း
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	သင်ကြားရေးလမ်းညွှန် (THE SPACE YOGA & DANCE STUDIO)
၁၂း၄၅	Shooting Making (ဖြစ်ခွင့်ရလျှင်ဇာတ်ကားရိုက်ကူး ပုံဖော်နေမှုများ)
၁း၀၀	"အလှနှစ်မျိုး၏အလှဆုံး" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဂီတသရုပ်ပြခန်း (သျှီ-ဂန္ထဝင်စကား)
၃း၀၀	ဒေါနတောင်တန်းကြီးနဲ့ သာယာလှပနေသော ကော့ကရိတ်မြို့
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၀)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၄)**
၄း၄၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခဒေါက်တာ ချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၅း၀၀	The Champion of Dance
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၁)**
၇း၁၅	Celebrity Choice(Too Big)
၇း၄၅	လှပသစ်ဆန်း ဖန်စီဖိနပ်လုပ်ငန်း
၈း၀၀	MRTV-4 သတင်း
၈း၃၀	သူတို့ဘဝသူတို့ဟာသ (ဦးချစ်စရာ)
၉း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၅)**
၁၀း၁၀	ဂီတသရုပ်ပြခန်း (သျှီ-ဂန္ထဝင်စကား)
၁၀း၄၅	Activities In The City [အထက(၂) သန်လျင် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ]
၁၁း၀၀	အနုပညာမိုးကောင်းကင်
၁၁း၂၅	ကုသိုလ်ယူရေး အသိပေးနှိုးဆော် ဇမ္ဗူဒီပဗိမာန်တော်
၁၁း၄၀	စာအုပ်ပြခန်း (အလင်္ကာဝတ်ရည်မဂ္ဂဇင်း)
၁၁း၅၅	စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
၁၂း၁၅	World of Knowledge (Interpol Investigate; The Sepant)
၁း၀၀	စပါးကရွှေ. . . ငါးကငွေ (ညီဂျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး) (ဒါရိုက်တာ-နိုင်း)
၁း၁၀	မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
၁း၄၅	"ရွှေဖြူ" ဟုခေါ်သည်(အပိုင်း-၁)
၂း၁၀	လှပချစ်စရာ လက်မှုအနုပညာ (Pretty in Day & Night)
၂း၃၅	ပတ္တမြားမြေမှ လေ့လာဖွယ်ရာများ နှင့် တစ်မူထူးခြား ထာပွဲများ
၂း၅၅	သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	Mega Star Talk (ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၄း၃၀	ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၄း၄၅	အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး "GPS"
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဦးအောင်သောင်း စက္ကူစက်ရုံနှင့် အုတ်စက်ရုံစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့နယ်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံ တစ်နေ့တန် ၂၀ ကျ ကတ်ထူစက္ကူစက်ရုံသို့ ရောက်ရှိပြီး စက္ကူပုံဖော်စက်၊ရေညှစ်စက်၊ အခြောက်ခံစက်၊ စက္ကူလိပ်စက်များ၏ စက်စွမ်းအားပြည့် ကုန်ထုတ်လုပ်မှုနှင့် စက်များ၏ကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် စက်ရုံမှ ထုတ်လုပ်ထားသော ကတ်ထူစက္ကူလိပ်များ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် စက်ရုံမှ ထုတ်လုပ်ပြသထားသော ကတ်ထူစက္ကူ GSM125 မှ GSM350 ထိ အထူအပါး အရွယ်အစားအမျိုးမျိုး၏ အရည်အသွေးကောင်းမွန်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက ကုန်ထုတ်လုပ်မှု ရည်မှန်းချက်၊ လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း တစ်နေ့အုတ်ချပ်ရေ ၁၅၀၀၀၀ ကျ နေပြည်တော် အုတ်စက်ရုံစီမံကိန်း(ပန်းတင်)သို့ ရောက်ရှိပြီး ပင်မစက်ရုံအတွင်း အုတ်ထုတ်လုပ်စက်များ၏ ဝန်မဲ့စမ်းသပ် လည်ပတ်နေမှု၊ ဥမင်မီးဖိုများ တည်ဆောက်မှုနှင့် မီးခံအုတ်စီခြင်းလုပ်ငန်းများနှင့် အုတ်တင်လှည်းများ၊ မီးခံအုတ်စီခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကာလအတွင်း စီမံကိန်းလုပ်ငန်းများ တစ်ပြိုင်တည်းပြီးစီးအောင် စနစ်တကျ စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း တစ်နေ့ အုတ်ချပ်ရေ ၁၅၀၀၀၀ ကျ နေပြည်တော် အုတ်စက်ရုံစီမံကိန်း(မင်းကုန်း)သို့ ရောက်ရှိပြီး စက်များ၏ စမ်းသပ်လည်ပတ်မှု၊ စက်ကြံ့ခိုင်မှု စစ်ဆေးဆောင်ရွက်နေမှု အခြေအနေနှင့် ဥမင်မီးဖိုအတွင်း၌ အုတ်တင်လှည်းများ အပူချိန်ခံနိုင်မှုရှိစေရန် ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ အုတ်စက်ရုံစီမံကိန်းများ ပြီးစီးပါက နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သည့် အရည်အသွေး ကောင်းမွန်သော အုတ်များ တစ်နှစ်လျှင် အုတ်ချပ်ရေသန်း ၅၀ စီ ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရေနီအမှတ်(၂) စက္ကူစက်ရုံ တစ်နေ့ တန် ၂၀ ကျ ကတ်ထူစက္ကူစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

JCU ၏ အထူးပညာသင်ထောက်ပံ့ကြေးကို CROWN Education တွင် ဆက်လက်လျှောက်ထားနိုင်

ရန်ကုန် စက်တင်ဘာ ၂၀

ဩစတြေးလျတက္ကသိုလ် JCU မှ ချီးမြှင့်မည့် IT၊ စီးပွားရေးဒီဂရီနှင့် မာစတာဘွဲ့၊ စိတ်ပညာဘွဲ့၊ Marine Science ဘာသာရပ်များအတွက် အထူးပညာသင်ထောက်ပံ့ကြေးကို CROWN Education တွင် စက်တင်ဘာ ၂၇ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

JCU မှ စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ပညာသင်ထောက်ပံ့ကြေးစာမေးပွဲဖြေဆိုရန် အချိန်မမီလိုက်သူများနှင့် စကောလားရှစ် မရရှိသူများအတွက် အထူးပညာသင်ထောက်ပံ့ကြေးကို CROWN Education တွင် လျှောက်ထားနိုင်သည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးကို IELTS/ TOEFL ရမှတ်မရှိသူများပါ လျှောက်ထားနိုင်ပြီး JCU ၏ အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲတစ်ခုကိုသာ ဖြေဆိုရန်လိုအပ်သည်။ အဆိုပါ ပညာသင်ထောက်ပံ့ကြေးအတွက် အကျုံးဝင်မည့် ဘာသာရပ်များမှာ IT, စီးပွားရေး, Psychology, Marine Science, MBA ဘာသာရပ်များဖြစ်ကြောင်း သိရသည်။

James Cook University တွင် Master of Information Technology နှင့် MBA အား ပူးတွဲသင်ယူ ဘွဲ့ရရှိနိုင်သည့်အပြင် M.B.,B.S ဘွဲ့ရများအတွက် ဘာသာရပ်ကင်းလွတ်ခွင့်များရရှိနိုင်သည့် ဩစတြေးလျအစိုးရ အသိမှတ်ပြု Psychology ဘွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဆိုင်ရာဘွဲ့ကို တွဲဖက်ယူနိုင်သည့် Bachelor of Business and Environmental Science ဘာသာရပ်များကိုပါ လေ့လာသင်ယူနိုင်ပြီး ပြည်တွင်းရှိ သင်တန်းကျောင်းများတွင် တက်ရောက်သင်ယူထားသည့် IDCS, IADCS, ABE နှင့် အခြား အသိအမှတ်ပြု ကွန်ပျူတာ၊ စီးပွားရေးဆိုင်ရာ ဒီပလိုမာများ ကိုင်ဆောင်ထားသူများ အနေဖြင့်လည်း ဘာသာရပ်ဆိုင်ရာ ကင်းလွတ်ခွင့်များ လျှောက်ထားနိုင်သည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို သိရှိရန်နှင့် စာရင်းပေးသွင်းရန် CROWN Education ရုံးခန်း Summit Parkview Hotel, ဖုန်း - ၂၁၁၈၈၈၊ လိုင်းခွဲ- ၂၂၈ တွင် ဆက်သွယ်စာရင်းပေး စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါ ခန်းမဆောင်၌ ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

မဲရုံတာဝန် လုပ်ငန်းသင်တန်းဖွင့်

ကျောင်းကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် အဖွဲ့ဝင်များ၏ မဲရုံတာဝန် လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းအုပ်စုရှိ အောက်ပိုင်းအလက(ခွဲ) ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်လင်း အမှာစကားပြောကြားစဉ်။ (၃၆၅)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇) အမှတ်(၁၈) ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၀

ကန်ရာသီ တော်သလင်းလ၏ ယင်းမာပန်းများ မွှေးပျံ့ခြင်းနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၇) အမှတ်(၁၈)ကို စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးစပါးအတွက်အောင်ရေ၊ ရာသီအလိုက် အချိန်အခါကိုက် စကမြေပဲစိုက်၊ စပါးပင်သဘာဝကြီးထွားမှုကာလကိုမူတည် တိုးမြှင့်အထွက်စွမ်းရည်၊ ငွေကုန်သက်သာသဘာဝမြေဩဇာ၊ ကိုင်းဆက်မျိုးပွား အကျိုးများ၊ ဒေသနှင့်ကိုက်ညီသည့် ပဲပုပ်မျိုး ရွေးချယ်စိုက်ပျိုး၊ အာလူးနှောင်းပင်နာကျရောဂါ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ခိုင်းနွားများ ကျစ်၍ ဝစေသော အစာကျွေးနည်း၊ အရည်အသွေးပြည့် ငါးကန်များဖြစ်ထွန်းလာစေရန်၊ တိရစ္ဆာန်များ၏ ဗီဇဆက်ခံနိုင်မှုနှင့် တစ်နိုင်မွေးမြူရေး စသည့် မွေးမြူရေးဆောင်းပါးများ၊ ကြိုတင်ကာကွယ်ကူးစက်ရောဂါအန္တရာယ်၊ နှလုံးကျန်းမာရေး ဂရုပြုပေး၊ သွေးတိုးလေငန်းကာကွယ်၍ စားကောင်းအိပ်ပျော်စေမည့် ရှောက်တစ်လုံးဆေး၊ မွေးစမှပင် ဆင်ခြင်သင့်သည့် အသည်းဝေဒနာ၊ ဆေးဖက်ဝင် စွယ်တော်ပင်၊ နွားနို့အကြောင်း တစေ့တစောင်း စသည့် ကျန်းမာရေးဆောင်းပါးများ၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ရပ်အဖြစ် ဆက်လက်ထိန်းသိမ်းထားရမည့် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်၊ စာပေအလင်းထွန်းညှိပေးသည့် ပညာအလှူ တွေးမိတိုင်းပျော်တယ်၊ ဒို့ကျေးရွာ မနေ့ကနဲ့ဒီနေ့ စသည့် အသိပညာပေးသုတ၊ ရသဆောင်းပါးများ၊ ဘရာဇီးနိုင်ငံအကြောင်း သိကောင်းစရာ၊ စင်ကာပူနှင့် တရုတ် နှစ်နိုင်ငံ ငွေကြေးဖလှယ်မှုစာချုပ်ချုပ်ဆို၊ ကမ္ဘာ့ပြည်သူပြည်သားများ စားနပ်ရိက္ခာ အခက်အခဲများ ကြုံတွေ့လာနိုင်၊ ကမ္ဘာ့ဈေးကွက်သို့ ဘင်္ဂလားဒေ့ရှ် ချည်ထည်တင်ပို့မှု မြင့်တက် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာအလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်သွားမယ်ဆိုတဲ့ မိုးယုစံနှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ လမ်းကြောင်းပြောင်းခြင်း ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၄ ရက်က မော်လမြိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ကျင်းပရာ ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်း(တာဝန်ခံ)ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်း ဗွီစီဒီနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်စဉ်။ (၁၀၇)

ကြံခင်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းများဖွင့်

ကြံခင်း စက်တင်ဘာ ၂၀

ကြံခင်းမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၃ အုပ်စုအား ဩဂုတ် ၂၅ ရက်တွင် ကြံခင်းမြို့ ဧရာဦးခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ကျင်းပရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်က သင်တန်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စများကို ရှင်းလင်းပြောကြားသည်။

ကြံခင်းမြို့နယ်ရှိ မြို့ပေါ် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ဘက်ရဲတိုက်နယ်၊ ရေနံတောင်ကျေးရွာ၊ ဆိပ်သာကျေးရွာတို့၌ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်သိန်း၊ ဦးပြုံး၊ ဦးအောင်သက်ရှည်၊ ဦးတင်စန်း၊ ဦးမြင့် လွင်၊ ဦးအုန်းမြိုင်နှင့် ဒေါ်စန်းစန်းငွေး တို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့နှင့် မဲရုံ အဖွဲ့ဝင်များ ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေး ပို့ချခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဇချမ်းတောင် ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် အင်ဂျင်နီယာမှူး ဦးသူရအောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

Junction Centre (Maw Tin) ကို (၁၈- ၉- ၂၀၁၀) မင်္ဂလာရက်မြတ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း နှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစု
Asia Royal Hospital

(၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ

ဒုတိယနေ့တွင် မြန်မာအသင်း ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေး သုံးခု ထပ်မံဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစ၍ ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် သုံးခု ထပ်မံဆွတ်ခူးရရှိသွားသည်။

Compound အမျိုးသား မီတာ ၇၀ တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ရဲမင်းဆွေ (မြန်မာ)က ပထမ၊ အောင်ခြိမ့်ဘော် (မြန်မာ)က ဒုတိယ၊ ချစ်ဝင်းရှိန်(မြန်မာ)က တတိယ၊ အမျိုးသမီး မီတာ ၇၀ တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် အောင်ငိုမ်း (မြန်မာ)က ပထမ၊ လှလှစံ(မြန်မာ)က ဒုတိယ၊ ယောစိမ်းယ(မြန်မာ)က တတိယတို့ရရှိကြသည်။ Recurve အမျိုးသမီး မီတာ ၇၀ တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် သင်းသင်းခိုင်(မြန်မာ)က ပထမ၊ Narisara Timbu (ထိုင်း)က ဒုတိယ၊ စန်းယုထွေး (မြန်မာ)က တတိယ၊ အမျိုးသား မီတာ ၇၀ တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် Gontugs Jantsan(မွန်ဂိုလီးယား)က ပထမ၊ ဇော်ဝင်းထိုက်(မြန်မာ)က ဒုတိယ၊ Wittaya Thamwong (ထိုင်း) က တတိယတို့ ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ယမန်နေ့က ကျင်းပသော ပြိုင်ပွဲများဖြစ်သည့် Compound အမျိုးသမီးအမှတ်ပေး တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရ အောင်ငိုမ်း(မြန်မာ)၊ ဒုတိယဆုရ လှလှစံ (မြန်မာ)၊ တတိယဆုရ Vennan Jyothi Surekha(အိန္ဒိယ)၊ အမျိုးသားတစ်ဦးချင်း အမှတ်ပေး ပြိုင်ပွဲတွင် ပထမဆုရ စောမြကျော်သူ (မြန်မာ)၊ ဒုတိယဆုရ အောင်ခြိမ့်ဘော် (မြန်မာ)နှင့် တတိယဆုရ ချစ်ဝင်းရှိန် (မြန်မာ) တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က လည်းကောင်း၊ Recurve အမျိုးသမီး အမှတ်ပေးတစ်ဦး ချင်းပြိုင်ပွဲတွင် ပထမဆုရ Narisars Tinbua(ထိုင်း)၊ ဒုတိယဆုရ သင်းသင်းခိုင် (မြန်မာ)၊တတိယဆုရ ကြည်ကြည်ခင် (မြန်မာ)၊ အမျိုးသား အမှတ်ပေး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ဇော်ဝင်းထိုက် (မြန်မာ)၊ ဒုတိယဆုရ Witthaya Thamwong (ထိုင်း)၊ တတိယဆုရ Gantugs Jantsan (မွန်ဂိုလီးယား)တို့ကို ဒိုင်ချုပ် Mr. Simon Poh Jiong Wee ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းက Compound အသင်းလိုက် အမျိုးသား အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရမြန်မာ(က)အသင်း၊ ဒုတိယဆုရ မြန်မာ(ခ)အသင်းနှင့် တတိယဆုရ အိန္ဒိယအသင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မြန်မာ(က) အသင်း၊ ဒုတိယဆုရ မြန်မာ (ခ)အသင်းနှင့် တတိယဆုရ အိန္ဒိယအသင်းတို့ကို လည်းကောင်း၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Maj. Baharuddin Jamil က Recurve အမျိုးသမီး အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရ မြန်မာ(က)အသင်း၊ ဒုတိယဆုရ မြန်မာ(ခ) အသင်း၊ အမျိုးသားအသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရ ထိုင်းအသင်း၊ ဒုတိယဆုရ မြန်မာ(က)အသင်း၊ တတိယဆုရ မြန်မာ(ခ)အသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ယနေ့ကျင်းပသော Compound တစ်ဦးချင်း ရှုံး/ထွက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ Recurve တစ်ဦးချင်း ရှုံး/ထွက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသား Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သော ရဲမင်းဆွေ(မြန်မာ)အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဒုတိယနေ့ ပွဲစဉ်များအပြီးတွင် အိမ်ရှင် မြန်မာအသင်းက ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ခြောက်ခုဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ထိုင်းအသင်းက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ မွန်ဂိုလီးယားအသင်းက ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ အိန္ဒိယအသင်းက ကြေးတံဆိပ် သုံးခုတို့ ဆွတ်ခူးရရှိထားသည်။

ပြိုင်ပွဲနောက်ဆုံးနေ့ ပွဲစဉ်များကို စက်တင်ဘာ ၂၁ ရက် (ယနေ့)နံနက် ၈ နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲနှင့် Mix-Double ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၀

ဦးစိုင်းထွန်းမြင့်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ စက်တင်ဘာ ၁၅ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၂) ၌ ကိုက် ၁၅၀ အကွာမှ Srixon No. 2 ဘောလုံးကို Mizuoo Iron No. 9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးသောင်းထိုက်၊ ဦးလှဝင်း၊ ဦးနေထွန်းတို့ အတူကစားလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာ အားကစားသတင်းများ

မက်ဆီ ခြေချင်းဝတ် ဒဏ်ရာရရှိ

ဘာစီလိုနာ စက်တင်ဘာ ၂၀

စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်းမှ မက်ဆီသည် ခြေချင်းဝတ် ဒဏ်ရာကြောင့် အနည်းဆုံး နှစ်ပတ်မှ သုံးပတ်ခန့်အထိ အနားယူရတော့မည်ဖြစ်သည်။

မက်ဆီသည် ပြီးခဲ့သည့် စပိန်လာလီဂါ ပွဲစဉ်(၃)အဖြစ် အက်သလက်တီကိုနှင့် အဝေးကွင်းယှဉ်ပြိုင် ကစားခဲ့သည့်ပွဲတွင် အက်သလက်တီကို နောက်ခံကစားသမားသောမတ်အူဇလူစီ၏ ကြမ်းတမ်းစွာ ဖျက်ထုတ်ခြင်းကိုခံရ၍ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ မက်ဆီမှာ ခြေချင်းဝတ် အဆစ်လွဲသွားခြင်းဖြစ်ပြီး ထမ်းစင်ဖြင့်ပင် ကွင်းပြင်သို့ သယ်ထုတ်ခဲ့ရသည်။ မက်ဆီသည် ယင်းဒဏ်ရာကြောင့် စပို့တင်းဂီဂျွန်၊ မာလာဂါ၊ ဘီဘာအိုတို့နှင့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်သကဲ့သို့ စက်တင်ဘာ ၂၉ ရက်တွင် ကစားမည့်ရူဘင်ကာဇင်နှင့် ချန်ပီယံလိဂ်ပွဲစဉ်ကိုလည်း လွဲချော်ရတော့မည်ဖြစ်သည်။

အင်တာနက်။

အာစင်ဝင်းဂါး အရေးယူခံရဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၂၀

အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးသည် ပြီးခဲ့သည့် စနေနေ့ ညတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဆန်းဒါးလန်းနှင့် ပွဲအပြီးတွင် စတုတ္ထဒိုင် မာတင်အက်ကင်ဆင်အား ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည်ဟု စွဲချက်တင်ခြင်း ခံခဲ့ရသည်။ ယင်းစွဲချက်ကြောင့် အာစင်ဝင်းဂါးမှာ အက်ဖ်အေ၏ အရေးယူခြင်းကို ခံရဖွယ်ရှိနေသည်။

အဆိုပါပွဲတွင် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို ၄ မိနစ်ပေးခဲ့သည်။ သို့သော် ၄ မိနစ်ပြည့်သော်လည်း ကွင်းလယ်ဒိုင်က ပွဲသိမ်း ခရာမမှုတ်ခဲ့၍ ဆန်းဒါးလန်းက အချိန်ပို ၅ မိနစ်တွင် ချေပဂိုးသွင်းယူသွားခဲ့သည်။ သို့အတွက်ကြောင့် အာစင်ဝင်းဂါးက စောဒကတက်ရန် အက်ကင်ဆင်ကို လက်ဖြင့်လှမ်းဆွဲခဲ့သည်။ အဆိုပါလုပ်ရပ်မှာ ဒိုင်လူကြီးတစ်ဦးကို ကိုယ်ထိလက်ရောက် ကျူးလွန်သည်ဟု ယူဆခြင်းကြောင့် အာစင်ဝင်းဂါးမှာ စွဲချက်တင်ခံနေရခြင်းဖြစ်သည်။

အင်တာနက်။

ရှေးဂစ်ဗင်ကို နယူးကာဆယ် ခေါ်ယူရန်စီစဉ်

လန်ဒန် စက်တင်ဘာ ၂၀

ပရီမီယာလိဂ်တန်းတက် နယူးကာဆယ်အသင်းသည် ၎င်းတို့၏ ပထမဂိုးသမား စတိဗ်ဟာပါ ဒဏ်ရာရရှိသွား၍ ဂိုးသမား အခက်အခဲ ရှိနေသည်။ ထို့ကြောင့် မန်စီးတီးအသင်းတွင် နေရာမရဖြစ်နေသည့် ဂိုးသမား ရှေးဂစ်ဗင်ကို အငှားစာချုပ်ဖြင့် အရေးပေါ် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

နယူးကာဆယ်ဂိုးသမား စတိဗ်ဟာပါသည် အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲတွင် ပခုံးကြွက်သား ဒဏ်ရာရရှိခဲ့ခြင်းကြောင့် သုံးလခန့် အနားယူရမည်ဖြစ်သည်။ ထို့ကြောင့် နယူးကာဆယ်အသင်းမှာ ဂိုးသမားတစ်ဦး အရေးပေါ်လိုအပ်လျက်ရှိနေသည်။ ယင်းကိစ္စအတွက် နယူးကာဆယ်အသင်းသည် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သို့ တင်ပြတောင်းဆိုထားသည်။ ***အင်တာနက်။***

နယူးကာဆယ်အသင်း ခေါ်ယူရန် စီစဉ်နေသည့် မန်စီးတီးဂိုးသမား ရှေးဂစ်ဗင်။

စပါးအသင်း၏ ဂန္ထဝင်တိုက်စစ်မှူး ဘော်ဘီစမစ် ကွယ်လွန်

လန်ဒန် စက်တင်ဘာ ၂၀

စပါးအသင်း၏ ဂန္ထဝင်ကစားသမားဖြစ်သည့် တိုက်စစ်မှူး ဘော်ဘီစမစ် (၇၇နှစ်)သည် စက်တင်ဘာ ၂၀ ရက်တွင် အန်ဖီးလ်ဆေးရုံ၌ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဘော်ဘီစမစ်သည် စပါးအသင်းတွင် ၃၁၇ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၀၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ ၎င်း၏ကစားသမားဘဝတစ်လျှောက်တွင် ၁၉၆၂ ခုနှစ်၌အက်ဖ်အေဖလားနှင့်၁၉၆၃ ခုနှစ်၌ ဥရောပဖလားတို့ကို ရယူခဲ့ဖူးသည်။ ဘော်ဘီစမစ်၏ အအောင်မြင်ဆုံးအချိန်မှာ ၁၉၆၀-၆၁ ဘောလုံးရာသီတွင် ဖြစ်သည်။ ***အင်တာနက်။***

ဝင်းတင် (ကြေးမုံ)

မုတ်သုံလေ အားနည်းနေ

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရွှေကျင်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ဟားခါးမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် မှော်ဘီမြို့တွင် ၁ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားနည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အာလူးနှင့် ကြက်သွန်ဖြူ စိုက်ပျိုးဖြစ်ထွန်းရာ နောင်တရားမြို့

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး
အဆင်အပြင် - ခိုင်သန္တာရွှေ

ပြီးခဲ့သည့် မတ်လအတွင်းက ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောပိတကျေးရွာသို့ သွားရောက်စဉ် နောင်တရားမြို့ကလေးကို ခရီးတစ်ထောက်ဝင်ရောက်လေ့လာဖြစ်ခဲ့သည်။ လွိုင်ကော်မှ နေပြည်တော်သို့ အပြန်ခရီးတွင် နေပြည်တော်-ပင်လောင်းလမ်းအတိုင်း သွားမည်ဆိုပါက အမြန်ဆုံးခရီးပေါက်နိုင်သော်လည်း နောင်တရားမြို့ကလေးကို ထပ်မံဝင်ရောက်လေ့လာလိုသော ဆန္ဒကြောင့် ပင်လောင်း-အောင်ပန်းလမ်းအတိုင်းသာ ခရီးနှင်ခဲ့ရလေသည်။

နောင်တရားမြို့သည် မြင့်မားသောတောင်တန်းများ ဝန်းရံလျက်ရှိသော မြေပြန့်လွင်ပြင်ဒေသတစ်ခုဖြစ်ပြီး တောင်ဘက်တွင် မြင့်၍ မြောက်ဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားသည်။ နောင်တရားမြို့၏ အမြင့်ဆုံးနေရာဖြစ်သော လွယ်မောတောင်သည် အမြင့်ပေ ၅၉၂၀ ဖြစ်ပြီး အနိမ့်ဆုံးနေရာဖြစ်သော မွှေးပြင်ကျေးရွာသည် အမြင့်ပေ ၁၉၂၀ ဖြစ်သည်။

နောင်တရားမြို့ တီကျစ်ကျေးရွာအုပ်စုတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ရှိသည်။ နောင်တရားမြို့ တီကျစ်ကျေးရွာအုပ်စုနှင့် ဘုရားဖြူကျေးရွာအုပ်စုတို့တွင် ကျောက်မီးသွေးကြောများရှိ၍ ရှမ်းရိုးမနဂါးကုမ္ပဏီက တူးဖော်ပြီး တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ပေးသွင်းလျက်ရှိသည်။

နောင်တရားမြို့၌ ရောက်ရှိလေ့လာဖြစ်ခဲ့ချိန်မှာ မတ်လဆန်းဖြစ်၍ ကြက်သွန်ဖြူများ ပေါ်ခါစအချိန် ဖြစ်သည်။ နောင်တရားမြို့ နောင်တောကျေးရွာ အောင်ပန်း-နောင်တရားလမ်းဘေးရှိ ကြက်သွန်ဖြူစိုက်ခင်း၌ ကြက်သွန်ဖြူနုတ်နေမှုကိုလည်း လေ့လာဖြစ်ခဲ့သည်။

နောင်တောကျေးရွာမှ ကြက်သွန်ဖြူစိုက်ပျိုးသူ အသက် (၂၄)နှစ်အရွယ် မခင်ထွေးရီမှာ ရှမ်းလူမျိုး ဖြစ်သည်။ မခင်ထွေးရီအား ကြက်သွန်ဖြူပေါက်ဈေးနှုန်းကို မေးမြန်းကြည့်ရာ "ကြက်သွန်ဖြူ အစိုအကြီးက တစ်ပိဿာ ၂၅၀၀ ကျပ်၊ အစိုအလတ်က တစ်ပိဿာ ၁၃၅၀ ကျပ်၊ အစိုအသေးက တစ်ပိဿာ ၉၀၀ ကျပ်၊ ဥတစ်လုံးက တစ်ပိဿာ ၂၈၀၀ ကျပ်ဖြစ်ကြောင်း" ပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

နောင်တရားမြို့ နောင်တောကျေးရွာ အောင်ပန်း-နောင်တရား လမ်းဘေးရှိ ကြက်သွန်ဖြူ စိုက်ခင်းတွင် တောင်သူများ ကြက်သွန်ဖြူနုတ်နေသည်ကို တွေ့ရစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၉-၂၀၁၀

ရွှေကျင်	၂ ဒသမ ၈၇	လက်မ
မြောက်ဦး	၂ ဒသမ ၃၆	လက်မ
ပုသိမ်	၂ ဒသမ ၃၂	လက်မ
ဟားခါး	၂ ဒသမ ၀၁	လက်မ
ဇလွန်	၁ ဒသမ ၆၅	လက်မ
မော်ဘီ	၁ ဒသမ ၅၄	လက်မ